**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၂၃**

**၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်**

**(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၀၁ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ် (၁) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကို ဆိုသည်၊

(ခ) **လျှောက်ထားသူ** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်ကို မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် မည်သည့်လျှောက်ထားချက်တွင်မဆို လျှောက်ထားသူနေရာတွင် အမည် ထည့်သွင်းရေးသား ဖော်ပြထားသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင် ထားသော အဖွဲ့အစည်းကို ဆိုသည်၊

(ဂ) **ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်** ဆိုသည်မှာ ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်ကို ဆိုသည်၊

(ဃ) **ကိုယ်စားလှယ်** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်နှင့်စပ်လျဉ်း၍ အေဂျင်စီ သို့မဟုတ်

မှတ်ပုံတင်အရာရှိထံ လျှောက်ထားသူ၏ကိုယ်စား ဆောင်ရွက်ရန် နည်းဥပဒေ ၄၀ နှင့်အညီ လွှဲအပ်ထားသည့် ကိုယ်စားလှယ်ကို ဆိုသည်၊

(င) **အခကြေးငွေ** ဆိုသည်မှာ ဥပဒေနှင့် ဤနည်းဥပဒေများအရ ပေးသွင်းရမည့် အေဂျင်စီက ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သည့် အခကြေးငွေကို ဆိုသည်၊

(စ) **မှတ်ပုံတင်ခြင်း** ဆိုသည်မှာ လျှောက်ထားသည့် စာပေ သို့မဟုတ် အနုပညာ လက်ရာ သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးပြီး မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ပေးခြင်းကို ဆိုသည်၊

(ဆ) **မှတ်ပုံတင်စာရင်း** ဆိုသည်မှာ ဦးစီးဌာနက စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်တစ်ခုခုကို မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းအပါအဝင် ယင်းနှင့်သက်ဆိုင်သော အချက်အလက်များအား အီလက်ထရောနစ်နည်းလမ်းအပါအဝင် နည်းလမ်းတစ်မျိုးမျိုးဖြင့် မှတ်တမ်းတင်သည့် စာရင်းကို ဆိုသည်၊

(ဇ) **လျှောက်လွှာပုံစံ** ဆိုသည်မှာ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်သည့် လျှောက်လွှာပုံစံကို ဆိုသည်၊

(ဈ) **ဦးစီးဌာန** ဆိုသည်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနကို ဆိုသည်။

## အခန်း(၂)
## မှတ်ပုံတင်လျှောက်ထားခြင်း

၃။ မူလလက်ရာရှင်၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးပိုင်ရှင်တစ်ဦးဦးသည် စာပေနှင့်အနုပညာမူပိုင်ခွင့် အခွင့်အရေး သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးရရှိကြောင်း ခိုင်လုံသောသက်သေ အထောက်အထားရရှိရန် စာပေ သို့မဟုတ် အနုပညာလက်ရာကို မှတ်ပုံတင်လိုပါက လျှောက်လွှာပုံစံ (CR-1) ဖြင့်လည်းကောင်း၊ ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်ကို မှတ်ပုံတင်လိုပါက လျှောက်လွှာပုံစံ(CR-2) ဖြင့်လည်းကောင်း မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၄။ မှတ်ပုံတင်လျှောက်ထားရာတွင် လက်ခံစစ်ဆေးသည့် ဝန်ဆောင်မှုအတွက် အခကြေးငွေ ပေးသွင်းရမည်။

၅။ (က) အောက်ပါ ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းသည် မှတ်ပုံတင်ပေးရန် လျှောက်ထားနိုင်သည်-

(၁) လက်ရာတစ်ခု၏ မူလလက်ရာရှင်၊

(၂) ဖျော်ဖြေသူ၊

(၃) ဖိုနိုဂရမ်ထုတ်လုပ်သူ၊

သို့မဟုတ်

(၄) ထုတ်လွှင့်သည့်အဖွဲ့အစည်း။

(ခ) အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းသည် မှတ်ပုံတင်ပေးရန် လျှောက်ထားနိုင်သည်-

(၁) တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ အမွေဆက်ခံခြင်း၊

(၂) သေတမ်းစာရေးခွင့်ရှိသူက သေတမ်းစာဖြင့်ပေးခြင်း၊

(၃) ပေးကမ်းခြင်း သို့မဟုတ် လှူဒါန်းခြင်း၊

(၄) ပိုင်ဆိုင်ခွင့်ကို တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ လွှဲပြောင်းခြင်း။

၆။ (က) မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို အောက်ပါနည်းလမ်းတစ်ခုခုဖြင့် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်-

(၁) ဦးစီးဌာနက သတ်မှတ်ထားသည့် အီလက်ထရောနစ်နည်းဖြင့် လျှောက်ထားခြင်း၊

(၂) ဦးစီးဌာနသို့ လာရောက်လျှောက်ထားခြင်း၊

(၃) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် စာပို့လုပ်ငန်းတစ်ခုခုဖြင့် ပေးပို့လျှောက်ထားခြင်း။

(ခ) မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာမှတစ်ပါး အခြားဘာသာဖြင့် ဖော်ပြချက် (အမည်၊ လိပ်စာ၊ အဖွဲ့အစည်းအမည်၊ ဒေသအမည် စသည်ဖြင့်) ဖြစ်လျှင် ယင်းတို့ကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရမည်။

၇။ နည်းဥပဒေ ၃ အရ မှတ်ပုံတင်လျှောက်ထားရာတွင် လျှောက်ထားချက်နှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြရမည်-

(က) မူလလက်ရာရှင်ဖြစ်ပါက မှတ်ပုံတင်ပေးရန် လျှောက်ထားသော စာပေ သို့မဟုတ် အနုပညာလက်ရာသည် မိမိကိုယ်တိုင် ဖန်တီးထားခြင်း သို့မဟုတ် ပြုလုပ်ထားခြင်းဖြစ်ကြောင်း ဝန်ခံချက်၊

(ခ) ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ထုတ်လွှင့်သည့် အဖွဲ့အစည်းဖြစ်ပါက မှတ်ပုံတင်ပေးရန် လျှောက်ထားသော ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်သည် မိမိကိုယ်တိုင် ပြုလုပ်ထားခြင်းဖြစ်ကြောင်း ဝန်ခံချက်၊

(ဂ) စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်၏ အမွေဆက်ခံသူဖြစ်ပါက -

(၁) စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင် ကွယ်လွန်ကြောင်း အထောက်အထား၊

(၂) တည်ဆဲဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းအရ အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍-

(ကက) စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်၏ သား၊ သမီးဖြစ်ပါက မွေးစာရင်း သို့မဟုတ် အမွေဆက်ခံသူအဖြစ် သတ်မှတ်ထားသော သေတမ်းစာ သို့မဟုတ် တရားရုံးက ထုတ်ပေးသည့် အမွေဆက်ခံခွင့်လက်မှတ် သို့မဟုတ် အခြားအထောက်အထား၊

(ခခ) စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်၏ ဇနီး၊ ခင်ပွန်းဖြစ်ပါက တရားဝင်ဇနီး၊ ခင်ပွန်း ဖြစ်ကြောင်း သက်သေအထောက်အထား သို့မဟုတ် အမွေဆက်ခံသူအဖြစ် သတ်မှတ်ထားသော သေတမ်းစာ သို့မဟုတ် တရားရုံးက

ထုတ်ပေးသည့် အမွေဆက်ခံခွင့်လက်မှတ် သို့မဟုတ် အခြား အထောက်အထား၊

(ဂဂ) စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်၏ ဇနီး၊ ခင်ပွန်း သို့မဟုတ် သားသမီးမဟုတ်သော အမွေဆက်ခံသူဖြစ်ပါက မိမိကိုယ်တိုင် အမွေဆက်ခံသူဖြစ်ကြောင်းနှင့် အခြားအမွေဆက်ခံသူမရှိကြောင်း အထောက်အထားနှင့်ဝန်ခံချက် သို့မဟုတ် သေတမ်းစာ သို့မဟုတ် တရားရုံးက ထုတ်ပေးသည့် အမွေဆက်ခံခွင့်လက်မှတ်။

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူဖြစ်ပါက -

(၁) စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်က စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းကြောင်း စာဖြင့်ရေးသား လက်မှတ်ရေးထိုးထားသည့် အထောက်အထား သို့မဟုတ်

(၂) ပူးတွဲပိုင်ဆိုင်သည့် စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်များက စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းကြောင်း စာဖြင့်ရေးသား လက်မှတ်ရေးထိုးထားသည့် အထောက်အထား။

(င) စီးပွားရေးဆိုင်ရာအခွင့်အရေးကို ပေးကမ်းခြင်း သို့မဟုတ် လှူဒါန်းခြင်းခံရသူဖြစ်ပါက စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်က စီးပွားရေးဆိုင်ရာ အခွင့်အရေးတစ်ခုခုကို ပေးကမ်းကြောင်း သို့မဟုတ် လှူဒါန်းကြောင်း စာဖြင့်ရေးသား လက်မှတ်ရေးထိုးထားသည့် အထောက်အထား၊

(စ) ကိုယ်စားလှယ်လွှဲအပ်ထားလျှင် ကိုယ်စားလှယ်လွှဲစာ၊ (လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် ၎င်း၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်အဖွဲ့အစည်း တည်ထောင်ထားသည့်နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာမိတ္တူ)

(ဆ) အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား၊

(ဇ) မှတ်ပုံတင်ရန် လျှောက်ထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ၊ ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ထုတ်လွှင့်ချက်ကို တိတ်ခွေ၊ ခါတ်ပြား သို့မဟုတ် အခြားကြားခံနယ်တစ်ခုခုတွင် အီလက်ထရောနစ်နည်းဖြင့် ထည့်သွင်းထားသော မိတ္တူ သို့မဟုတ် ဖိုနိုဂရမ်မိတ္တူ၊ စာပေလက်ရာဖြစ်ပါက ယင်းစာပေလက်ရာ၏ မိတ္တူတစ်စုံ၊

(ဈ) လျှောက်ထားသူ တစ်ဦးထက်ပိုသော လျှောက်ထားချက်ဖြစ်လျှင် ယင်းတို့၏ ကိုယ်စား လက်မှတ်ရေးထိုးဆောင်ရွက်ရန် လျှောက်ထားသူတစ်ဦးကို လွှဲအပ်ကြောင်း လျှောက်ထားသူအားလုံးက လက်မှတ်ရေးထိုးထားသည့် အထောက်အထား၊

(ည) တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် လက်မှတ်ရေးထိုးသူအား ယင်းအဖွဲ့အစည်းကိုယ်စား လက်မှတ်ရေးထိုးခွင့်ပြုကြောင်း အထောက်အထား၊

(ဋ) စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ ကိစ္စရပ် ဖော်ပြချက်အကျဉ်းချုပ်၊

(ဌ) ဆင့်ပွားလက်ရာဖြစ်ပါက မူလစာပေ သို့မဟုတ် အနုပညာလက်ရာ၏ ခေါင်းစဉ်၊ မူလလက်ရာရှင်၏အမည်နှင့် မူလလက်ရာရှင်၏ သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည့် အထောက်အထား၊

(ဍ) လျှောက်ထားသူတစ်ဦးထက်ပိုသော လျှောက်ထားချက်တွင် ပူးတွဲလျှောက်ထားသူများ၏ အမည်၊ အခြားအမည် (ရှိလျှင်)၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်၊ နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်၊ နိုင်ငံသား၊ အမြဲတမ်းနေထိုင်သည့် နိုင်ငံအမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ။

၈။ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်တစ်ရပ်သည် စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ်တစ်ခုအတွက်သာ ဖြစ်ရမည်။

## အခန်း (၃)

## စာအရေးအသားအမှားနှင့် အခြားမှားယွင်းမှုများကို ပြင်ဆင်ခြင်း

၉။ လျှောက်ထားသူသည် လျှောက်ထားချက် သို့မဟုတ် စာရွက်စာတမ်း အထောက်အထားတစ်ခုခုတွင် ပါရှိသည့် စာအရေးအသားအမှားနှင့် လျှောက်ထားသူ၏ နေရပ်လိပ်စာ၊ စာပေ

သို့မဟုတ် အနုပညာလက်ရာအမျိုးအစား၊ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ် အမျိုးအစားနှင့် ယင်းတို့၏ ဖော်ပြချက်အကျဉ်းချုပ်တွင် ပါဝင်သည့်စာသားများ ကဲ့သို့သော ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက ပြင်ဆင်ပေးရန် အခကြေးငွေ ပေးသွင်းပြီး လျှောက်လွှာပုံစံ(CR-3) ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၁၀။ နည်းဥပဒေ ၉ အရ လျှောက်ထားရာတွင် မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ လျှောက်ထားရမည်။

၁၁။ နည်းဥပဒေ ၉ အရ လျှောက်ထားရာတွင် လျှောက်ထားချက်နှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူသည် ကိုယ်စားလှယ်လွှဲအပ်ထားလျှင် ကိုယ်စားလှယ်လွှဲစာ၊ (လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် ၎င်း၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်အဖွဲ့အစည်း တည်ထောင်ထားသည့်နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာမိတ္တူ)

(ခ) အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား၊

(ဂ) တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်း ဖြစ်လျှင် လက်မှတ်ရေးထိုးသူအား ယင်းအဖွဲ့အစည်းကိုယ်စား လက်မှတ်ရေးထိုး ခွင့်ပြုကြောင်း အထောက်အထား။

၁၂။ မှတ်ပုံတင်အရာရှိသည် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှား ယွင်းမှုများကို ပြင်ဆင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(က) အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဆောင်ရွက်တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်၊

(ခ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လျှောက်ထား သူက ဆောင်ရွက်တင်ပြခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ် သည်ဟု မှတ်ယူရမည်၊

(ဂ) အချက်အလက်များ ပြည့်စုံကြောင်း တွေ့ရှိလျှင် ပြင်ဆင်ပေးရန် တောင်းဆိုသည့် စာအဖွဲ့ရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို လျှောက်ထားချက်တွင် ပြင်ဆင်၍ လျှောက်ထားသူထံ အကြောင်းကြားရမည်။

၁၃။ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက်မချမှတ်မီ နည်းဥပဒေ ၉ အရ လျှောက်ထားလာပါက မှတ်ပုံတင်အရာရှိသည် အေဂျင်စီထံ ရောက်ရှိနေသည့် စာရွက်စာတမ်းများကို တောင်းခံ၍ နည်းဥပဒေ ၁၂ နှင့်အညီ ဆောင်ရွက်ပြီး ယင်းစာရွက်စာတမ်းများကို အေဂျင်စီထံ ပြန်လည်ပေးအပ်ရမည်။

## အခန်း (၄)

## လျှောက်ထားချက်ကို ရုပ်သိမ်းခြင်း

၁၄။ လျှောက်ထားသူသည် စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက ဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းပေးရန် လျှောက်လွှာပုံစံ (CR-4) ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၁၅။ နည်းဥပဒေ ၁၄ အရ လျှောက်ထားရာတွင် လျှောက်ထားချက်နှင့်အတူ အောက်ပါတို့ကို ပူးတွဲ တင်ပြရမည်-

(က) လျှောက်ထားသူသည် ကိုယ်စားလှယ်လွှဲအပ်ထားလျှင် ကိုယ်စားလှယ်လွှဲစာ၊ (လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် ၎င်း၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်အဖွဲ့အစည်း တည်ထောင်ထားသည့်နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာမိတ္တူ)

(ခ) မှတ်ပုံတင်ပေးရန်လျှောက်ထားရာတွင် တစ်ဦးထက်ပိုသော လျှောက်ထားချက်ဖြစ်ပါက ယင်းလျှောက်ထားသူအားလုံး၏ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းရန် သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည့် အထောက်အထား၊

(ဂ) တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် လက်မှတ်ရေးထိုးသူအား ယင်းအဖွဲ့အစည်းကိုယ်စား လက်မှတ်ရေးထိုးခွင့်ပြုကြောင်း အထောက်အထား။

၁၆။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍–

(က) အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဆောင်ရွက်တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်၊

(ခ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လျှောက်ထားသူက ဆောင်ရွက်တင်ပြခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်၊

(ဂ) အချက်အလက်များ ပြည့်စုံကြောင်းတွေ့ရှိလျှင် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းရမည်။ ယင်းသို့ ရုပ်သိမ်းကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

၁၇။ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက်မချမှတ်မီ နည်းဥပဒေ ၁၄ အရ လျှောက်ထားလာပါက မှတ်ပုံတင်အရာရှိသည် အေဂျင်စီထံ ရောက်ရှိနေသည့် စာရွက်စာတမ်းများကို တောင်းခံ၍ နည်းဥပဒေ ၁၆ နှင့်အညီ ဆောင်ရွက်ပြီး အေဂျင်စီထံ တင်ပြရမည်။

## အခန်း (၅)
## မှတ်ပုံတင်ခြင်းနှင့် မှတ်တမ်းတင်ခြင်း

၁၈။ မှတ်ပုံတင်အရာရှိသည် စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ –

(က) နည်းဥပဒေ ၅၊ ၆၊ ၇ နှင့် ၈ တို့ပါ အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဆောင်ရွက်တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း လျှောက်ထားသူက ဆောင်ရွက်တင်ပြခြင်းမရှိလျှင် အဆိုပါမှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၉။ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၅၊ ၆၊ ၇ နှင့် ၈ တို့ပါ အချက်အလက်များနှင့် ပြည့်စုံသည့် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို အောက်ပါအတိုင်း စစ်ဆေးရမည်-

(က) စာပေ သို့မဟုတ် အနုပညာလက်ရာနှင့်စပ်လျဉ်း၍-

(၁) ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅ တို့အရ အကာအကွယ်ပေးရမည့် လက်ရာများတွင် အကျုံးဝင်ခြင်း ရှိ မရှိ၊

(၂) ဥပဒေပုဒ်မ ၁၆ အရ အကာအကွယ်မရရှိသည့် လက်ရာတွင် အကျုံးဝင်ခြင်း ရှိ မရှိ၊

(၃) ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(င) တို့အရ အကာအကွယ်ရရှိခြင်း ရှိ မရှိ၊

(၄) ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (က) အရ စီးပွားရေးဆိုင်ရာ အခွင့်အရေးအတွက် အကာအကွယ်ပေးမှု သက်တမ်း ကျန်ရှိခြင်း ရှိ မရှိ။

(ခ) ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်နှင့် စပ်လျဉ်း၍-

(၁) ဥပဒေပုဒ်မ ၁၆ အရ အကာအကွယ်မရရှိသည့် လက်ရာတွင် အကျုံးဝင်ခြင်း ရှိ မရှိ၊

(၂) ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ (ဃ)နှင့် ပုဒ်မခွဲ(င) တို့အရ အကာအကွယ် ရရှိခြင်း ရှိ မရှိ၊

(၃) ဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(ခ)၊ ဥပဒေပုဒ်မ ၃၉ ပုဒ်မခွဲ(ခ) နှင့် ဥပဒေပုဒ်မ ၄၀ ပုဒ်မခွဲ (ဂ) တို့အရ စီးပွားရေးဆိုင်ရာအခွင့်အရေး အကာအကွယ်ပေးမှု သက်တမ်း ကျန်ရှိခြင်း ရှိ မရှိ။

၂၀။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ဥပဒေပုဒ်မ ၅၀နှင့်အညီ

(က) မှတ်ပုံတင်ခွင့်ပြုလျှင် ခွင့်ပြုကြောင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး လျှောက်ထားသူထံ အကြောင်းကြားရမည့်အပြင် နည်းဥပဒေ ၂၁ ပါ အချက်အလက်များကို ဖော်ပြ၍ ထုတ်ပြန်ကြေညာရမည်၊

(ခ) ငြင်းပယ်လျှင် ငြင်းပယ်ကြောင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်၊

(ဂ) မှတ်ပုံတင်ရန်ခွင့်ပြုပါက မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၁။ ဥပဒေပုဒ်မ ၅၀ ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရာ၌ အောက်ပါတို့ ပါဝင်ရမည် –

(က) လျှောက်ထားချက်နံပါတ်၊

(ခ) လျှောက်ထားချက်တင်သွင်းသည့်ရက်စွဲ၊

(ဂ) လျှောက်ထားသူသည် ပုဂ္ဂိုလ် တစ်ဦးချင်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါပုဂ္ဂိုလ်၏အမည်၊ အခြားအမည် (ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်၊ နိုင်ငံသား၊ အမြဲတမ်းနေထိုင်သည့် နိုင်ငံအမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါအဖွဲ့အစည်း၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့်အမျိုးအစား၊ အဖွဲ့အစည်းတည်ရှိရာနိုင်ငံအမည်နှင့် လိပ်စာအပြည့်အစုံ၊

(ဃ) လျှောက်ထားသူသည် ကိုယ်စားလှယ်လွှဲအပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(င) စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ် ခေါင်းစဉ်၊

(စ) စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ် အမျိုးအစား၊

(ဆ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်သည့်ရက်စွဲ၊

(ဇ) မှတ်ပုံတင်နံပါတ်၊

(ဈ) ဖန်တီးသည့်ရက်စွဲ၊ ထုတ်ဝေထားပါက ထုတ်ဝေသည့်ရက်စွဲ၊ ဖျော်ဖြေတင်ဆက်သည့်ရက်စွဲ၊ ထုတ်လွှင့်သည့် ရက်စွဲ၊ အရုပ်အသံပေါင်းစပ် ထည့်သွင်းခြင်းပြုသည့်ရက်စွဲ သို့မဟုတ် အများပြည်သူရရှိခံစားနိုင်စေရန် တရားဝင်စတင်ဆောင်ရွက်သည့် ရက်စွဲ၊

(ည) အကာအကွယ်ပေးမှု သက်တမ်း၊

(ဋ) မှတ်ပုံတင်ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်။

၂၂။ မှတ်ပုံတင်အရာရှိသည် စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်က မှတ်ပုံတင်လက်မှတ်မူရင်း ပျက်စီး သို့မဟုတ် ပျောက်ဆုံးသဖြင့် မိတ္တူမှန် ထုတ်ပေးရန် အခကြေးငွေပေးသွင်းပြီး လျှောက်လွှာပုံစံ (CR-5) ဖြင့် ဥပဒေပုဒ်မ ၅၁ ပုဒ်မခွဲ (က) အရ လျှောက်ထားလာပါက စိစစ်ပြီး မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ကို ထုတ်ပေးရမည်။

## အခန်း (၆)

## မှတ်ပုံတင်စာရင်းကို ပြင်ဆင်ခြင်း

၂၃။ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်သည် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်ပေးရန် အခကြေးငွေပေးသွင်းပြီး လျှောက်လွှာပုံစံ (CR-6) ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၂၄။ နည်းဥပဒေ ၂၃ အရ လျှောက်ထားရာတွင် လျှောက်ထားချက်နှင့်အတူ အောက်ပါတို့ကို ပူးတွဲ တင်ပြရမည်-

(က) လျှောက်ထားသူသည် ကိုယ်စားလှယ်လွှဲအပ်ထားလျှင် ကိုယ်စားလှယ်လွှဲစာ၊ (လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင်နေထိုင်သူဖြစ်လျှင် ၎င်း၏အမြဲတမ်း နေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်အဖွဲ့အစည်း တည်ထောင်ထားသည့်နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာမိတ္တူ)

(ခ) အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား၊

(ဂ) စာပေနှင့်အနုပညာ မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင် တစ်ဦးထက်ပိုပါက ပူးတွဲပိုင်ရှင်အားလုံး၏ သဘောတူကြောင်း လက်မှတ်ရေးထိုး ထားသော အထောက်အထား၊

(ဃ) တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်း ဖြစ်လျှင် လက်မှတ်ရေးထိုးသူအား ယင်းအဖွဲ့အစည်းကိုယ်စား လက်မှတ်ရေးထိုး ခွင့်ပြုကြောင်း အထောက်အထား။

၂၅။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာရင်းကို ပြင်ဆင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ –

(က) အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဆောင်ရွက်တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လျှောက်ထားသူက ဆောင်ရွက်တင်ပြခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်၊

(ဂ) အချက်အလက်များ ပြည့်စုံကြောင်းတွေ့ရှိလျှင် မှတ်ပုံတင်စာရင်းတွင် ပြင်ဆင်၍ လျှောက်ထားသူထံ အကြောင်းကြားရမည်။

## အခန်း (၇)

## စီးပွားရေးဆိုင်ရာအခွင့်အရေးလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ခြင်း၊ လွှဲပြောင်းခြင်းပြုသည့် မှတ်တမ်းများကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း

၂၆။ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်က ယင်းနှင့်သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာအခွင့်အရေး တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းကို လွှဲပြောင်းခြင်းပြုပါက လွှဲပြောင်းပေးခြင်းခံရသူသည် ဥပဒေပုဒ်မ ၃၅ ပုဒ်မခွဲ (က) အရ လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် အခကြေးငွေပေးသွင်းပြီး လျှောက်လွှာပုံစံ (CR-7) ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၂၇။ နည်းဥပဒေ ၂၆ အရ စီးပွားရေးဆိုင်ရာ အခွင့်အရေးလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားရာတွင် လျှောက်ထားချက်နှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြရမည်–

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ အမွေဆက်ခံခြင်းဖြစ်လျှင် –

(၁) စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင် ကွယ်လွန်ကြောင်း အထောက်အထား၊

(၂) စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးပိုင်ရှင်၏ သား၊ သမီးဖြစ်ပါက မွေးစာရင်း သို့မဟုတ် အခြားအထောက်အထား၊

(၃) စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်၏ ဇနီး၊ ခင်ပွန်းဖြစ်ပါက တရားဝင်ဇနီး၊ ခင်ပွန်းဖြစ်ကြောင်း သက်သေအထောက်အထား၊

(၄) စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်၏ ဇနီး၊ ခင်ပွန်း သို့မဟုတ် သားသမီး မဟုတ်သော အမွေဆက်ခံသူဖြစ်ပါက မိမိကိုယ်တိုင် အမွေဆက်ခံသူဖြစ်ကြောင်းနှင့် အခြားအမွေဆက်ခံသူမရှိကြောင်း အထောက်အထားနှင့်ဝန်ခံချက်။

(ခ) သေတမ်းစာရေးခွင့်ရှိသည့် စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်က သေတမ်းစာဖြင့်ပေးခြင်းဖြစ်လျှင် ယင်းသေတမ်းစာ၊

(ဂ) စီးပွားရေးဆိုင်ရာအခွင့်အရေးကို ပေးကမ်းခြင်း သို့မဟုတ် လှူဒါန်းခြင်းဖြစ်လျှင် စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးပိုင်ရှင်က ယင်းသို့ ပေးကမ်းကြောင်း သို့မဟုတ် လှူဒါန်းကြောင်း အထောက်အထား၊

(ဃ) ပိုင်ဆိုင်ခွင့်ကို တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လွှဲပြောင်းခြင်းဖြစ်လျှင်-

(၁) စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးပိုင်ရှင်က စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းကြောင်း အထောက်အထား၊

(၂) ပူးတွဲပိုင်ဆိုင်ခြင်းဖြစ်ပါက ပူးတွဲပိုင်ဆိုင်သည့် စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်များက စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းကြောင်း အထောက်အထား။

(င) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းဖြစ်လျှင်-

(၁) စာပေနှင့်အနုပညာ မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်က စီးပွားရေးဆိုင်ရာအခွင့်အရေးကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးကြောင်း အထောက်အထား၊

(၂) ပူးတွဲပိုင်ဆိုင်ခြင်းဖြစ်ပါက ပူးတွဲပိုင်ဆိုင်သည့် စာပေနှင့်အနုပညာမှုပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်များက စီးပွားရေးဆိုင်ရာအခွင့်အရေးကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးကြောင်း အထောက်အထား။

(စ) ကိုယ်စားလှယ်လွှဲအပ်ထားလျှင် ကိုယ်စားလှယ်လွှဲစာ၊ (လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် ၎င်း၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်အဖွဲ့အစည်း တည်ထောင်ထားသည့်နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာမိတ္တူ)၊

(ဆ) အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထား၊

(ဇ) လျှောက်ထားသူ တစ်ဦးထက်ပိုသော လျှောက်ထားချက်ဖြစ်လျှင် ယင်းတို့၏ ကိုယ်စား လက်မှတ်ရေးထိုးဆောင်ရွက်ရန် လျှောက်ထားသူတစ်ဦးကို လွှဲအပ်ကြောင်း လျှောက်ထားသူအားလုံးက လက်မှတ်ရေးထိုးထားသည့် အထောက်အထား၊

(ဈ) တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် လက်မှတ်ရေးထိုးသူအား ယင်းအဖွဲ့အစည်းကိုယ်စား လက်မှတ်ရေးထိုးခွင့်ပြုကြောင်း အထောက်အထား။

၂၈။ မှတ်ပုံတင်အရာရှိသည် စီးပွားရေးဆိုင်ရာ အခွင့်အရေးလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(က) အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဆောင်ရွက်တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လျှောက်ထားသူက ဆောင်ရွက်တင်ပြခြင်းမရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်၊

(ဂ) အချက်အလက်များ ပြည့်စုံကြောင်းတွေ့ရှိလျှင် စီးပွားရေးဆိုင်ရာအခွင့်အရေးလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပြီး လျှောက်ထားသူထံ အကြောင်းကြားရမည့်

အပြင် နည်းဥပဒေ ၂၉ ပါ အချက်အလက်များကို ဖော်ပြ၍ ထုတ်ပြန်ကြေညာရမည်။

၂၉။ ဥပဒေပုဒ်မ ၃၆ အရ စီးပွားရေးဆိုင်ရာအခွင့်အရေး လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ရာ၌ အောက်ပါတို့ ပါဝင်ရမည်-

(က) မှတ်ပုံတင်နံပါတ်၊

(ခ) လွှဲပြောင်းပေးသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်၊ နိုင်ငံသား၊ အမြဲတမ်းနေထိုင်သည့် နိုင်ငံအမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းဖြစ်ပါက အဆိုပါ အဖွဲ့အစည်း၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် အမျိုးအစား၊ အဖွဲ့အစည်းတည်ရှိရာ နိုင်ငံအမည်နှင့် လိပ်စာအပြည့်အစုံ၊

(ဂ) လွှဲပြောင်းပေးခြင်းခံရသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်၊ နိုင်ငံသား၊ အမြဲတမ်းနေထိုင်သည့် နိုင်ငံအမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းဖြစ်ပါက အဆိုပါအဖွဲ့အစည်း၏အမည်၊ မှတ်ပုံတင်အမှတ်နှင့် အမျိုးအစား၊ အဖွဲ့အစည်းတည်ရှိရာ နိုင်ငံအမည်နှင့် လိပ်စာအပြည့်အစုံ၊

(ဃ) လွှဲပြောင်းခြင်းပြုသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ် ခေါင်းစဉ်၊

(င) စီးပွားရေးဆိုင်ရာ အခွင့်အရေးကို လွှဲပြောင်းခြင်းပြုသည့် နည်းလမ်း၊

(စ) လွှဲပြောင်းခြင်းပြုသည့် စီးပွားရေးဆိုင်ရာအခွင့်အရေးအမျိုးအစား၊

(ဆ) စီးပွားရေးဆိုင်ရာအခွင့်အရေး လွှဲပြောင်းခြင်းပြုသည့် သက်တမ်း၊

(ဇ) လွှဲပြောင်းခြင်းပြုသည့် ရက်စွဲ။

၃၀။ စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းပေးသူ သို့မဟုတ် လွှဲပြောင်းပေးခြင်းခံရသူသည် လွှဲပြောင်းခြင်းပြုသည့် မှတ်တမ်းများကို ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန် လျှောက်လွှာပုံစံ (CR-8) ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၁။ စီးပွားရေးဆိုင်ရာ အခွင့်အရေးလွှဲပြောင်းခြင်းပြုသည့် မှတ်တမ်းများကို ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန် လျှောက်ထားရာတွင် လက်ခံစစ်ဆေးသည့် ဝန်ဆောင်မှုအတွက် အခကြေးငွေ ပေးသွင်းရမည်။

၃၂။ နည်းဥပဒေ ၃၀ အရ လျှောက်ထားရာတွင် လျှောက်ထားချက်နှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြရမည်-

(က) လွှဲပြောင်းပေးသည့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်သည် ကိုယ်စားလှယ်လွှဲအပ်ထားလျှင် ကိုယ်စားလှယ်လွှဲစာ၊ (လွှဲပြောင်းပေးသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် ၎င်း၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်အဖွဲ့အစည်း တည်ထောင်ထားသည့် နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာမိတ္တူ)

(ခ) လွှဲပြောင်းပေးခြင်းခံရသူသည် ကိုယ်စားလှယ်လွှဲအပ်ထားလျှင် ကိုယ်စားလှယ် လွှဲစာ၊ (လွှဲပြောင်းပေးခြင်းခံရသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူ မဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် ၎င်း၏ အမြဲတမ်း နေထိုင်သည့် နိုင်ငံ သို့မဟုတ် တရားဝင် အဖွဲ့အစည်း တည်ထောင်ထားသည့် နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ် လွှဲစာမိတ္တူ)

(ဂ) အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား၊

(ဃ) လျှောက်ထားချက်နှင့်သက်ဆိုင်သည့် အထောက်အထား၊

(င) လျှောက်ထားချက်ကို သဘောတူကြောင်း လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းပေးခြင်း ခံရသူတို့က လက်မှတ်ရေးထိုးထားသည့် အထောက်အထား၊

(စ) တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်း ဖြစ်လျှင် လက်မှတ်ရေးထိုးသူအား ယင်းအဖွဲ့အစည်းကိုယ်စား လက်မှတ်ရေးထိုး ခွင့်ပြုကြောင်း အထောက်အထား။

၃၃။ မှတ်ပုံတင်အရာရှိသည် စီးပွားရေးဆိုင်ရာအခွင့်အရေး လွှဲပြောင်းခြင်းကို မှတ်တမ်းတင် ထားခြင်းအား ပြင်ဆင်ပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍-

(က) အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဆောင်ရွက်တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်၊

(ခ) နည်းဥပဒေခွဲ(က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လျှောက်ထားသူက ဆောင်ရွက်တင်ပြခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်၊

(ဂ) အချက်အလက်များ ပြည့်စုံကြောင်းတွေ့ရှိလျှင် စီးပွားရေးဆိုင်ရာအခွင့်အရေး လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ထားခြင်းအား ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို မှတ်တမ်းတင်၍ လျှောက်ထားသူထံ အကြောင်းကြားရမည့်အပြင် နည်းဥပဒေ ၂၉ ပါ အချက်အလက်များနှင့် ပြင်ဆင်ခြင်းပြုသည့် အချက်အလက် သို့မဟုတ် ပယ်ဖျက်ခြင်းကို ဖော်ပြ၍ ထုတ်ပြန်ကြေညာရမည်။

## အခန်း (၈)
## မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်း

၃၄။ မှတ်ပုံတင်ထားသော စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးနှင့်စပ်လျဉ်းသည့် အခွင့်အရေးတစ်ခုခုသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အများအကျိုးကို ထိခိုက်ကြောင်းတွေ့ရှိပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အဆိုပါမှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်ရန် လျှောက်လွှာပုံစံ (CR-9) ဖြင့် ဥပဒေပုဒ်မ ၅၅ အရ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၅။ မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ပေးရန် လျှောက်ထားရာတွင် လက်ခံစစ်ဆေးသည့် ဝန်ဆောင်မှုအတွက် အခကြေးငွေ ပေးသွင်းရမည်။

၃၆။ နည်းဥပဒေ ၃၄ အရ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးများကို မှတ်ပုံတင်ခြင်းအား ပယ်ဖျက်ပေးရန် လျှောက်ထားရာတွင် လျှောက်ထားချက်နှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြရမည်-

(က) မှတ်ပုံတင်ပယ်ဖျက်ပေးရန် လျှောက်ထားသူသည် ကိုယ်စားလှယ်လွှဲအပ်ထားလျှင် ကိုယ်စားလှယ်လွှဲစာ၊ (မှတ်ပုံတင်ပယ်ဖျက်ပေးရန် လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် ၎င်း၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်အဖွဲ့အစည်းတည်ထောင်ထားသည့်နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာမိတ္တူ)

(ခ) အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား၊

(ဂ) လျှောက်ထားချက်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထား မိတ္တူ နှစ်စုံ၊

(ဃ) တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်း ဖြစ်လျှင် လက်မှတ်ရေးထိုးသူအား ယင်းအဖွဲ့အစည်းကိုယ်စား လက်မှတ်ရေးထိုး ခွင့်ပြုကြောင်း အထောက်အထား။

၃၇။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ပယ်ဖျက်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍-

(က) အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဆောင်ရွက်တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်၊

(ခ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လျှောက်ထား သူက ဆောင်ရွက်တင်ပြခြင်းမရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ် သည်ဟု မှတ်ယူရမည်၊

(ဂ) အချက်အလက်များ ပြည့်စုံကြောင်းတွေ့ရှိလျှင် လျှောက်ထားချက်နှင့် စာရွက်စာတမ်း အထောက်အထားမိတ္တူများကို စာပေနှင့်အနုပညာ မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးပိုင်ရှင်ထံ ပေးပို့၍ ခုခံချေပချက်နှင့်အတူ လိုအပ်သော စာရွက်စာတမ်း အထောက်အထားများကို ရက်ပေါင်း ၃၀ အတွင်း တင်ပြရန် အကြောင်းကြားရမည်၊

(ဃ) လျှောက်ထားသူနှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်တို့က တင်ပြသည့် အကြောင်းပြချက်၊ ခုခံချေပချက်များနှင့် စာရွက်စာတမ်း အထောက်အထားများကို စစ်ဆေးပြီး ထပ်မံရှင်းလင်းချက်များ လိုအပ်လျှင် သက်ဆိုင်ရာပုဂ္ဂိုလ်များထံ နောက်ထပ်အကြောင်းပြချက်များ သို့မဟုတ် စာရွက်စာတမ်းအထောက်အထားများကို အကြောင်းကြားစာပေးပို့ သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်ပြရန် အကြောင်းကြားရမည်၊

(င) လိုအပ်ပါက နှစ်ဦးနှစ်ဖက်ကို ကြားနာရန် ဆင့်ခေါ်နိုင်သည်၊

(စ) သက်ဆိုင်ရာပုဂ္ဂိုလ်များက တင်ပြသည့် အကြောင်းပြချက်များ၊ ခုခံချေပချက်များ နှင့်စာရွက်စာတမ်းများကို စိစစ်ပြီး ဥပဒေပုဒ်မ ၅၆ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ရမည်၊

(ဆ) ဥပဒေပုဒ်မ ၅၇ အရ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးပါက အဆိုပါပယ်ဖျက်ခြင်းကို မှတ်တမ်းတင်၍ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးပိုင်ရှင်ထံ အကြောင်းကြားပြီး ထုတ်ပြန်ကြေညာရမည်။

၃၈။ နည်းဥပဒေ ၃၇ နည်းဥပဒေခွဲ (ဆ) အရ ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ပါဝင်ရမည် -

(က) ပယ်ဖျက်သည့် မှတ်ပုံတင်နံပါတ်၊

(ခ) စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးပိုင်ရှင်၏ အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဂ) စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ် ခေါင်းစဉ်၊

(ဃ) စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်အမျိုးအစား၊

(င) မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ရသည့် အကြောင်းရင်း၊

(စ) မှတ်ပုံတင်ခြင်းကို ပယ်ဖျက်သည့်ရက်စွဲ။

## အခန်း (၉)

## ကိုယ်စားလှယ်လွှဲအပ်ခြင်း

၃၉။ လျှောက်ထားသူသည် ဤနည်းဥပဒေများပါ လျှောက်ထားခြင်းကိစ္စရပ်များအတွက် ကိုယ်စားလှယ် လွှဲအပ်ဆောင်ရွက်နိုင်သည်။

၄၀။ ကိုယ်စားလှယ်လွှဲအပ်ရာတွင် နိုင်ငံတော်အတွင်းနေထိုင်ပြီး နိုင်ငံသား စိစစ်ရေးကတ်ပြားကိုင်ဆောင်ထားသည့် အသက် ၁၈ နှစ် ပြည့်ပြီးသူကို လျှောက်လွှာပုံစံ (CR-10) ဖြင့် လွှဲအပ်ရမည်။

၄၁။ လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူ မဟုတ်လျှင်ဖြစ်စေ၊ ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင်ဖြစ်စေ မှတ်ပုံတင်လျှောက်ထားခြင်း၊ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် အခြားလျှောက်ထားခြင်းများ၊ အယူခံလျှောက်ထားခြင်းများတွင် နိုင်ငံတော်အတွင်း နေထိုင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသည့် အသက် ၁၈ နှစ် ပြည့်ပြီးသူကို ကိုယ်စားလှယ်အဖြစ်လွှဲအပ်၍ ဆောင်ရွက်ရမည်။ ၎င်း၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ

သို့မဟုတ် တရားဝင်အဖွဲ့အစည်း တည်ထောင်ထားသည့် နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာမိတ္တူကိုလည်း ပူးတွဲ တင်ပြရမည်။

၄၂။ ကိုယ်စားလှယ်ဖြင့် လွှဲအပ်ဆောင်ရွက်ခြင်းဖြစ်လျှင် အေဂျင်စီ သို့မဟုတ် မှတ်ပုံတင်အရာရှိသည် ဆောင်ရွက်မည့်ကိစ္စများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်ထံသို့သာ ဆက်သွယ်ဆောင်ရွက်ရမည်။

၄၃။ လွှဲအပ်ခံရသည့် ကိုယ်စားလှယ်က အေဂျင်စီ သို့မဟုတ် မှတ်ပုံတင်အရာရှိထံ ဆက်သွယ်ဆောင်ရွက်သည့် မည်သည့်ဆောင်ရွက်ချက်ကိုမဆို ကိုယ်စားလှယ် လွှဲအပ်ထားသူက ဆောင်ရွက်သကဲ့သို့ မှတ်ယူရမည်။

၄၄။ လျှောက်ထားသူသည် စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များအား မှတ်ပုံတင်လျှောက်ထားခြင်း၊ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် အခြားလျှောက်ထားခြင်းများကို ကိုယ်စားလှယ်လွှဲအပ်ရာတွင် လျှောက်ထားချက် တစ်ခုအတွက် ကိုယ်စားလှယ်တစ်ဦးသာ လွှဲအပ်ရမည်။

၄၅။ မှတ်ပုံတင်အရာရှိသည် ကိုယ်စားလှယ် လွှဲအပ်ထားခြင်းနှင့်စပ်လျဉ်း၍ လိုအပ်လျှင် အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကိုယ်စားလှယ်လွှဲစာမူရင်းအား ကိုယ်စားလှယ်က တင်ပြရန် အကြောင်းကြားနိုင်သည်။

၄၆။ ကိုယ်စားလှယ် လွှဲအပ်ထားခြင်းမရှိလျှင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲအပ်ခြင်းနှင့် စပ်လျဉ်း၍ ဤနည်းဥပဒေများပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိလျှင်ဖြစ်စေ အေဂျင်စီ သို့မဟုတ် မှတ်ပုံတင်အရာရှိသည် မည်သည့် ဆက်သွယ်ဆောင်ရွက်ချက်ကိုမဆို လျှောက်ထားသူထံသို့သာ ဆက်သွယ်ဆောင်ရွက်ရမည်။

၄၇။ လျှောက်ထားသူ တစ်ဦးထက်ပိုပြီး ကိုယ်စားလှယ် လွှဲအပ်ခြင်းမရှိသည့် လျှောက်ထားခြင်းဖြစ်ပါက လက်မှတ်ရေးထိုးထားသည့် လျှောက်ထားသူထံသို့သာ ဆက်သွယ် ဆောင်ရွက်ရမည်။

၄၈။ ကိုယ်စားလှယ် အမည် ပြောင်းလဲပြင်ဆင်ပေးရန် လျှောက်ထားလိုပါက အခကြေးငွေပေး သွင်းပြီး လျှောက်လွှာပုံစံ (CR-11) ဖြင့် လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ မှတ်ပုံတင် အရာရှိထံသို့ တင်ပြရမည်။

## အခန်း (၁၀)

## အထွေထွေ

၄၉။ (က) ဥပဒေနှင့် ဤနည်းဥပဒေများအရ လျှောက်ထားရာတွင် ဝန်ကြီးဌာနက သတ်မှတ်ထားသော လျှောက်လွှာပုံစံများဖြင့် လျှောက်ထားရမည်၊

(ခ) မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အေဂျင်စီက ဗဟိုကော်တီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားသည့် အခကြေးငွေကို ပေးသွင်းရမည်။

၅၀။ မှတ်ပုံတင်လျှောက်ထားခြင်း ဆိုင်ရာကိစ္စရပ်များကို ထုတ်ပြန်ကြေညာရာတွင် ဦးစီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ (Website) မှတစ်ဆင့် အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ၊ ဦးစီးဌာန၏ ထုတ်ပြန်ကြေညာချက်စာအုပ် (Publication Book) ဖြင့်ဖြစ်စေ ထုတ်ပြန်ကြေညာရမည်။

၅၁။ (က) သက်ဆိုင်ရာ ပုဂ္ဂိုလ်များသည် ဥပဒေ၊ ဤနည်းဥပဒေများပါ မှတ်ပုံတင်အရာရှိထံ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် အချိန်ကာလမကုန်ဆုံးမီ ခိုင်လုံသော အကြောင်းပြချက်ဖြင့် အချိန်ကာလထပ်မံတိုးမြှင့်ပေးရန် အခကြေးငွေ ပေးသွင်းပြီး လျှောက်လွှာပုံစံ (CR-12) ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်၊

(ခ) မှတ်ပုံတင်အရာရှိသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး အကြောင်းပြချက်ခိုင်လုံပါက အချိန်ကာလထပ်မံ တိုးမြှင့်ပေး၍ လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထပ်မံတိုးမြှင့်ပေးသော အချိန်ကာလသည် တစ်ကြိမ်လျှင် ရက်ပေါင်း ၃၀ ဖြင့် အများဆုံး နှစ်ကြိမ်အထိသာ ခွင့်ပြုနိုင်သည်၊

(ဂ) နည်းဥပဒေခွဲ (ခ) အရ မှတ်ပုံတင်အရာရှိက သတ်မှတ်အချိန်ကာလအား တိုးမြှင့်ခွင့်ပြုပြီးဖြစ်လျှင် ဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များကဲ့သို့သော ကြိုတင်မမျှော်မှန်းနိုင်သည့် အထူးကိစ္စရပ်များအတွက် ရက်ပေါင်း ၃၀ တစ်ကြိမ် သက်တမ်းတိုးမြှင့်ပေးခြင်းမှတစ်ပါး နောက်ထပ်အချိန်ကာလ တိုးမြှင့်ပေးခြင်း မပြုရ။

၅၂။ မှတ်ပုံတင်အရာရှိသည်-

(က) မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်ထားသော လျှောက်လွှာပုံစံများကို အများပြည်သူသိရှိ အသုံးပြုဆောင်ရွက်နိုင်ရန် ထပ်မံကြေညာရမည်၊

(ခ) မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် အေဂျင်စီက ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထုတ်ပြန်ထားသော ပေးသွင်းရမည့် အခကြေးငွေများနှင့် ဦးစီးဌာနက သတ်မှတ်ထားသည့် ပေးသွင်းရမည့် နည်းလမ်းများကို အများပြည်သူသိရှိအသုံးပြုဆောင်ရွက်နိုင်ရန် ထပ်မံကြေညာရမည်။

၅၃။ ပေးသွင်းထားသည့် အခကြေးငွေများကို မည်သည့်အခြေအနေတွင်မျှ ပြန်လည်ရထိုက်ခွင့်မရှိစေရ။

၅၄။ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ အေဂျင်စီထံ အယူခံလျှောက်ထားရာတွင် အေဂျင်စီနည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၅၅။ ဤနည်းဥပဒေများသည် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

(ပုံ)

ထွန်းအုံ

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စက- ၁၄ / ၂- ၃၇ / ၂၀၂၃ ( ၃ )

ရက်စွဲ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင်<br>ထည့်သွင်းကြေညာပေးပါရန် |

ဥက္ကဋ္ဌ၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

ဒေါက်တာမိုးမိုးသွယ်

ညွှန်ကြားရေးမှူးချုပ်